## MACCS စနစ်တွင်ပါဝင်သုံးစွဲကြမည့် User များ၏ Class အမျိုးအစား(၁၁) ခု

(၁) **Class (A) Non-registered User**

MACCS ၏ User အဖြစ်မှတ်ပုံမတင်လိုသော သွင်းကုန်/ ထုတ်ကုန်လုပ်ငန်းရှင်များ ( SEZ လုပ်ငန်းရှင်များအပါအဝင် ) နိုင်ငံခြားသံတမန်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် အစိုးရဌာနဆိုင်ရာများ (MACCS နှင့်ချိတ်ဆက်ထားသော OGA မှ အပ) အားလုံးအကျုံးဝင်ပါသည်။ MACCS ၏ User မဟုတ်သော်လည်း အကောက်ခွန်ဦးစီးဌာနတွင် Importer Exporter Code ( I/E Code ) ထုတ်ယူရန်လိုအပ်ပါသည်။ သို့မှသာ အကောက်ခွန်ကြေညာလွှာများတင်သွင်းရာတွင် MACCS မှ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ အကောက်ခွန်ကြေညာလွှာများ တင်သွင်းခြင်းအတွက်မိမိနှစ်သက်ရာ Customs Broker ကို လုပ်ငန်းအပ်နှံဆောင်ရွက်ရမည်ဖြစ်ပါသည်။

(၂) **Class (B) User (Reference Only)**

MACCS ၏ User အဖြစ် မှတ်ပုံတင်ထားလိုသော သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်များ (SEZ လုပ်ငန်းရှင်များအပါအဝင်) နိုင်ငံခြားသံတမန်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် အစိုးရဌာနဆိုင်ရာများ (MACCS နှင့် ချိတ်ဆက်ထားသော OGA မှအပ) အားလုံးအကျုံးဝင်ပါသည်။ အကောက်ခွန် ဦးစီးဌာနတွင် Importer / Exporter Code ( IE Code) ထုတ်ယူရန်နှင့် User အဖြစ်မှတ်ပုံတင်ရန် လိုအပ်ပါသည်။ MACCS ၏ User ဖြစ်သဖြင့် စနစ်ကိုအသုံးပြု၍ မိမိတို့၏ကြေညာလွှာအခြေအနေ၊ ကုန်စည်အခြေအနေ၊ Deposit လက်ကျန်အခြေအနေ၊ ReleasedOrder / Allowed Shipment အခြေအနေတို့ကို မိမိကွန်ပျူတာမှ အချိန်မရွေးကြည့်ရှု / သိရှိနိုင်ပါသည်။ အကောက်ခွန်ကြေညာလွှာများ တင်သွင်းခြင်းအတွက် မိမိနှစ်သက်ရာ Customs Broker ကိုလုပ်ငန်းအပ်နှံဆောင်ရွက်ရမည် ဖြစ်ပါသည်။ (MACCS ၏ User ဖြစ်သော်လည်း Customs Broker အဖြစ်အသိအမှတ်ပြု (အဝါကဒ်) မရှိ၍ Declarant အဖြစ်ခွင့်မပြုပါ။)

(၃) **Class (C) User (Declarant)**

MACCS ၏ User အဖြစ် မှတ်ပုံတင်ထားလိုသည့်အပြင် လုပ်ငန်းရှင် (SEZ အပါအဝင်) ကိုယ်တိုင် သို့မဟုတ် ကုမ္ပဏီဝန်ထမ်းသည် အကောက်ခွန်မှ Customs Broker အဖြစ်အသိအမှတ်ပြု (အဝါကဒ်) ရရှိထားသော သွင်းကုန် ထုတ်ကုန်လုပ်ငန်းရှင်များအားလုံး အကျုံးဝင်ပါသည်။ အကောက်ခွန်ဦးစီးဌာနတွင် Importer/ Exporter Code (IE Code)

ထုတ်ယူရန် User အဖြစ် မှတ်ပုံတင်ရန်လိုအပ်ပါသည်။ MACCS ၏ Declarant အခွင့်အရေးရ User ဖြစ်သဖြင့် စနစ်ကိုအသုံးပြု၍ မိမိကုမ္ပဏီ၏အကောက်ခွန်ကြေညာလွှာများကို တင်သွင်းနိုင်သည့်အပြင် မိမိတို့၏ကြေညာလွှာအခြေအနေ၊ ကုန်စည်အခြေအနေ၊ Deposit လက်ကျန်အခြေအနေ၊ ReleasedOrder/ Allowed Shipment အခြေအနေတို့ကို မိမိကွန်ပျူတာမှ အချိန်မရွေးကြည့်ရှုသိရှိနိုင်ပါသည်။ သို့ရာတွင် မိမိကုမ္ပဏီ၏ကြေညာလွှာများကိုသာ တင်သွင်းခွင့်ရှိပါသည်။

(၄) **Class (D) Customs Broker/ Yellow Card Holder (Declarant)**

အကောက်ခွန်ဦးစီးဌာန အသိအမှတ်ပြုထားသော Customs Broker Agency များမှ အဝါကဒ်ကိုင်ဆောင်ထားသောသူများဖြစ်ပါသည်။ Importer/ Exporter Code ( IE Code) ထုတ်ယူရန်မလိုအပ်ပါ။ သို့ရာတွင် အကောက်ခွန်ဦးစီးဌာနတွင် User အဖြစ်မှတ်ပုံတင်ရန် လိုအပ်ပါသည်။ Declarant အခွင့်အရေးရရှိသည့်အပြင် မည်သည့်လုပ်ငန်းရှင်များ၏ ကြေညာလွှာကိုမဆိုတင်သွင်းပေးနိုင်ပါသည်။ မိမိတို့၏ ကြေညာလွှာအခြေအနေ၊ ကုန်စည်အခြေအနေ၊ Deposit လက်ကျန်အခြေအနေ၊ ReleasedOrder/ Allowed Shipment အခြေအနေတို့ကို မိမိကွန်ပျူတာမှ အချိန်မရွေးကြည့်ရှု/ သိရှိနိုင်ပါသည်။

(၅) **Class (E) White-Card Holder (Declarant)**

နိုင်ငံခြားသံတမန်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၏ တင်သွင်းတင်ပို့မှုလုပ်ငန်းစဉ်များအား ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်း၏ အကြီးအကဲ ထောက်ခံချက်ဖြင့် အကောက်ခွန်ဦးစီးဌာနက အသိအမှတ်ပြုလက်မှတ် (အဖြူရောင်ကဒ်) ထုတ်ပေးထားသူများအားလုံး အကျုံးဝင်ပါသည်။ Importer / Exporter Code ( IE Code) ထုတ်ယူရန် လိုအပ်ပါသည်။ သို့ရာတွင် အကောက်ခွန်ဦးစီးဌာနတွင် User အဖြစ် မှတ်ပုံတင်ရန်လိုအပ်ပါသည်။ Declarant အခွင့်အရေးရရှိမည်ဖြစ်သော်လည်း မိမိကိုယ်စားပြုအဖွဲ့အစည်း၏ ကြေညာလွှာများ အတွက်သာလျှင်လုပ်ငန်းဆောင်ရွက်ပေးခွင့်ရှိမည်ဖြစ်ပါသည်။ မိမိတို့၏ကြေညာလွှာအခြေအနေ၊ ကုန်စည်အခြေအနေ၊ Deposit လက်ကျန်အခြေအနေ၊ Released Order/ Allowed Shipment အခြေအနေတို့ကို မိမိကွန်ပျူတာမှ အချိန်မရွေးကြည့်ရှု/ သိရှိနိုင်ပါသည်။

(၆) **Class (F) Port, Container Yard, Warehouse Operator, Shipping Agency/ Company, Airline Company**

နိုင်ငံတကာဆိပ်ကမ်းလုပ်ငန်းများ၊ ကုန်လှောင်ရုံလုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များ၊ အပြည်ပြည်ဆိုင်ရာ Shipping Agency / Company, Airline Company များအားလုံးအကျုံးဝင်ပါသည်။ Importer/ Exporter Code (IE Code) ထုတ်ယူရန် မလိုအပ်ပါ။ သို့ရာတွင် MACCS စနစ်၏ အဓိကပူးပေါင်း ပါဝင်သူများဖြစ်၍ အကောက်ခွန် ဦးစီးဌာနတွင် MACCS ၏ User အဖြစ် မှတ်ပုံတင်ရန်လိုအပ်ပါသည်။ (Declarant ) အဖြစ် ဆောင်ရွက်ခွင့်မရှိပါ။

(၇) **Class (G) Freight Forwarder**

နိုင်ငံတကာကုန်သွယ်မှုအတွက် Consolidated Cargo များကို ကိုင်တွယ်ဆောင်ရွက် နေသော Freight Forwarder များသည် MACCS ၏ User အဖြစ် မှတ်ပုံတင်ရန် လိုအပ် ပါသည်။ သို့ရာတွင် Customs Clearance လုပ်ငန်းများကို ကိုယ်တိုင်ဆောင်ရွက်လိုသော Freight Forwarder များသည် အကောက်ခွန် ဦးစီးဌာနတွင် Customs Broker Agency အဖြစ် သီးခြားမှတ်ပုံတင်ရမည်ဖြစ်ပါ သည်။

(၈) **Class (H) OGA ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ (User)**

National Single Window အတွက်ပူးပေါင်းဆောင်ရွက်နေကြသော Other Government Agencies များဖြစ်ကြသည့် FDA, Animals and Plants Quarantine ဆိုင်ရာလုပ်ငန်း များတွင်ဝန်ဆောင်မှုပေးနေသူများနှင့် အကျုံးဝင်ပါ သည်။ (ဥပမာ - OGA များတွင် Test Result လုပ်ငန်းစဉ်အတွက် Application တင်သွင်းရာတွင် ဝန်ဆောင်မှုပေးသူ များဖြစ်ပါသည်။) Importer/ Exporter Code (IE Code) များထုတ်ယူရန်မလိုအပ်ပါ။ သို့ရာတွင် MACCS ၏ User အဖြစ် မှတ်ပုံတင်ရန်လိုအပ်ပါသည်။ (Declarant အခွင့်အရေး မရပါ ။) သို့ရာတွင် အထက်ပါဝန်ဆောင်မှုပေးသူသည် Customs Broker Class (C ) သို့မဟုတ် Class (D) အဖြစ် မှတ်ပုံတင်ထားပြီးသူဖြစ်ပါက Class (H) အဖြစ် သီးခြား မှတ်ပုံတင်ရန် မလိုအပ်ပါ။

(၉) **Class (I) အစိုးရဌာနဆိုင်ရာများမှ တင်သွင်းတင်ပို့သူ User များ (Declarant)**

အစိုးရဌာနဆိုင်ရာများဖြစ်ပြီး သွင်းကုန်ထုတ်ကုန်ဆိုင်ရာ လုပ်ငန်းများကို ပုံမှန်ဆောင် ရွက်နေသူများအားလုံး အကျုံးဝင်ပါသည်။ သက်ဆိုင်ရာဌာနသည် အကောက်ခွန်ဦးစီးဌာနတွင် Importer/ Exporter Code ( IE Code ) ထုတ်ယူရန်လိုအပ်ပါသည်။ အဆိုပါဌာနများ

အတွက် Clearance လုပ်ငန်းများ ဆောင်ရွက်နေသည့်ဝန်ထမ်းများသည် MACCS ၏ User အဖြစ်မှတ်ပုံတင်ရန် လိုအပ်ပါသည်။ သို့ရာတွင်သက်ဆိုင်ရာဌာန၏ တာဝန်ပေးအပ်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။ MACCS ၏ Declarant အခွင့်အရေးရ User ဖြစ်သဖြင့် စနစ်ကိုအသုံးပြု၍ အကောက်ခွန်ကြေညာလွှာများကို တင်သွင်းနိုင်သည့်အပြင် မိမိတို့ ၏ကြေညာလွှာအခြေအနေ၊ ကုန်စည်အခြေအနေ၊ Deposit လက်ကျန်အခြေအနေ၊ Released Order/ Allowed Shipment အခြေအနေတို့ကို မိမိကွန်ပျူတာမှ အချိန်မရွေး ကြည့်ရှု/ သိရှိနိုင် ပါသည်။ သို့ရာတွင် မိမိကိုယ်စားပြုသည့်ဌာနဆိုင်ရာ၏ ကြေညာလွှာများကိုသာ တင်သွင်းခွင့်ရှိ ပါသည်။

(၁၀) **Class (J) စီးပွားဖြစ်မဟုတ်ဘဲကိုယ်ပိုင်တင်သွင်းသူများ**

တင်သွင်းတင်ပို့မှုကို စီးပွားဖြစ်မဟုတ်ဘဲ ကိုယ်ပိုင်သုံးအတွက်သာ တစ်ခါတစ်ရံ တင် သွင်းသူများသည် အကောက်ခွန်ဦးစီးဌာနတွင် IE Code ရယူခြင်းနှင့် User မှတ်ပုံတင်ခြင်း များ ပြုလုပ်ရန်မလိုအပ်ပါ။ အကောက်ခွန်ကြေညာလွှာများတင်သွင်း ခြင်းအတွက် မိမိနှစ်သက် ရာ Customs Broker ကို ငှားရမ်းအသုံးပြုရမည် ဖြစ်ပါသည်။

(၁၁) **Class(K) Report Acquirement Only User**

ကုန်ပစ္စည်းတင်သွင်းခြင်း၊ တင်ပို့ခြင်းဆိုင်ရာလုပ်ငန်းစဉ်များအတွက် MACCS စနစ်မှ ထုတ်ပေးခဲ့သော Release Order / Allowed Shipment များကို Online အသုံးပြု၍ မှီငြမ်း ဆောင်ရွက်ရန်လိုအပ်သည့် ကုန်သွယ်မှုဆက်စပ် အစိုးရဌာနဆိုင်ရာများနှင့်ပုဂ္ဂလိကဘဏ်များ အကျုံးဝင်ပါသည်။ I/E Code ထုတ်ယူရန်မလိုအပ်ပါ။ သို့ရာတွင် အကောက်ခွန်ဦးစီးဌာနတွင် User အဖြစ် မှတ်ပုံတင်ရန်လိုအပ်ပါသည်။ Declarant အဖြစ် ဆောင်ရွက်ခွင့်မရှိပါ။ ROT Service နှင့် DGL01 Service ကိုသာ ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသည်။